**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ပရာ့ဂ်မြို့**

## သာမန်မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစားကိုင်ဆောင်ထားသူများ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(Oversea Worker Identification Card-OWIC) ကိုင်ဆောင်ရေးဆိုင်ရာ အသိပေးကြေညာချက်

၁။ သာမန်မြန်မာနိုင်ငံကူးလက်မှတ်(PJ)အမျိုးအစား ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ (သို့မဟုတ်) အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစားကိုင်ဆောင်၍ အလုပ်လုပ်ကိုင်ခွင့်ပါမစ်၊ အမြဲတမ်းနေထိုင်ခွင့်ပါမစ်၊ စီးပွားရေးပါမစ်များဖြင့် နေထိုင်လုပ်ကိုင်ကြသူများအနေဖြင့် (အကြောင်းအမျိုးမျိုးဖြင့် မိခင်နိုင်ငံသို့ ပြန်လာပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ပြန်လည်ထွက်ခွာမည်ဆိုပါက) ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) များအား မဖြစ်မနေ ကိုင်ဆောင်ထားရမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ပြဋ္ဌာန်းထုတ်ပြန်ထားပါသဖြင့် ပူးတွဲပါသတ်မှတ်ချက် အထောက်အထား မှန်ကန်ပြည့်စုံစွာဖြင့် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရန် လိုအပ်ပါကြောင်း၊ (OWIC)ကတ် ကိုင်ဆောင်ထားမှုရှိမှသာ ပြည်ပသို့ ပြန်လည်ထွက်ခွာခွင့် ရရှိမည်ဖြစ်ပါကြောင်းနှင့် (OWIC)ကတ် ပြုလုပ်မှုနှင့် လျှောက်ထားလာမှု များအား အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

၂။ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC)များ လျှောက်ထားခြင်းနှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန၏ Website ဖြစ်သော https://www.mol.gov.mm ၊ Safe Migration Facebook Page ၊ Safe Migration Telegram Channel များတွင် အသေးစိတ် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာသံရုံး၊ ပရာ့ဂ်မြို့**

**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်**